အသိပေးကြေညာချက်

## မြို့နယ်တရားရုံးများ၏တရားခွင်တွင် ရှေ့နေရှေ့ရပ်များ ဝတ်စားဆင်ယင်မှု ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ

၁။ မြို့နယ်တရားရုံးများ၏ တရားခွင်တွင် အမှုလိုက်ပါဆောင်ရွက်ကြသော ရှေ့နေရှေ့ရပ်များ ဝတ်ဆင်ရန် ဝတ်စားဆင်ယင်မှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ၁၉-၅-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၆၄၆/၂-၁၂(စု-၁၇)/၂၀၁၄ အမှာစာဖြင့် သတ်မှတ်ပေးခဲ့ပါသည်။ တရားရုံးများသည် နိုင်ငံတော်ကို ကိုယ်စားပြုသည့် ဌာနတစ်ခုဖြစ်သည်နှင့်အညီ တရားရုံးအဆင့်ဆင့်၏ ဝတ်စားဆင်ယင်မှုများ တစ်ပြေးညီဖြစ်စေရန်အတွက် မြို့နယ်တရားရုံးများ၏ တရားခွင်တွင် ရှေ့နေရှေ့ရပ်များ ဝတ်ဆင်ရန် ဝတ်စားဆင်ယင်မှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၃၁-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၁၆/၁၀၅/ပတခ (၁၀၈၂/၂၀၂၄) အမှာစာဖြင့် အောက်ပါအတိုင်းပြင်ဆင်သတ်မှတ်ခဲ့ပါသည်-

(က) **အမျိုးသားတရားလွှတ်တော်ရှေ့နေများ**

(၁) ဝတ်ဆင်ရန်အဝတ်အစား

အနက်ရောင် သို့မဟုတ် အဖြူရောင်မှအပ သင့်လျော်ရာအရောင် မောင့်ကျက်သရေခေါင်းပေါင်းကိုပေါင်း၍ ကော်လာမပါ ရှပ်အင်္ကျီအဖြူနှင့် ရင်စေ့တိုက်ပုံအင်္ကျီအနက်ကို ဝတ်ဆင်ရန်။

(၂) ဝတ်ဆင်ရန်ဝတ်ရုံ

ဘွဲ့ဝတ်ရုံပုံစံအတိုင်း ချုပ်ထားသည့် အနက်ရောင်ဝတ်ရုံကို ဝတ်ဆင်၍ အဖြူရောင်လည်စည်းအရှည်တပ်ရန်၊

(ခ) **အမျိုးသမီးတရားလွှတ်တော်ရှေ့နေများ**

(၁) ဝတ်ဆင်ရန်အဝတ်အစား

လက်ကောက်ဝတ်အထိ လက်ရှည်အဖြူရောင်အင်္ကျီကို အတွင်းမှ ဝတ်ရန်နှင့် ယင်းအပေါ်မှ ကော်လာမပါသည့် လက်/ခါးရှည်သော အနက်ရောင်အင်္ကျီကို လည်ပင်းကြယ်သီးတပ်ဝတ်ဆင်ရန် (အနက်ရောင်အပေါ်အင်္ကျီမှာ ပါးလွှာခြင်း၊ လက်ဖောင်းခြင်း မရှိစေရန်)

(၂) ဆင်ယင်ထုံးဖွဲ့မှု

ဆံပင်ကို ဆံပင်တိုဖြင့်လည်းကောင်း၊ ဖားလျားချ၍လည်းကောင်း မထားဘဲ သပ်ရပ်စွာ အပေါ်တင်၍ ဆင်ယင်ထုံးဖွဲ့ရန်၊

(၃) ဝတ်ဆင်ရန်ဝတ်စုံ

ဘွဲ့ဝတ်စုံပုံစံအတိုင်း ချုပ်ထားသည့် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်၍ အဖြူရောင်လည်စည်းအရှည်တပ်ရန်၊

(ဂ) **အမျိုးသားအထက်တန်းရှေ့နေများ**

(၁) ဝတ်ဆင်ရန်အဝတ်အစား

အနက်ရောင် သို့မဟုတ် အဖြူရောင်မှအပ သင့်လျော်ရာအရောင် မောင့်ကျက်သရေခေါင်းပေါင်းကိုပေါင်း၍ ကော်လာမပါ ရှပ်အင်္ကျီအဖြူနှင့် ရင်စေ့တိုက်ပုံအင်္ကျီအနက်ကို ဝတ်ဆင်ရန်။

(၂) ဝတ်ဆင်ရန်ဝတ်စုံ

ဘွဲ့ဝတ်စုံပုံစံအတိုင်း ချုပ်ထားသည့် အစိမ်းရင့်ရောင်ဝတ်စုံကို ဝတ်ဆင်ရန် (အဖြူရောင်လည်စည်း တပ်ရန်မလိုပါ)

(ဃ) **အမျိုးသမီးအထက်တန်းရှေ့နေများ**

(၁) ဝတ်ဆင်ရန်အဝတ်အစား

လက်ကောက်ဝတ်အထိ လက်ရှည်အဖြူရောင်အင်္ကျီကို အတွင်းမှ ဝတ်ရန်နှင့် ယင်းအပေါ်မှ ကော်လာမပါသည့် လက်/ခါးရှည်သော အနက်ရောင်အင်္ကျီကို လည်ပင်းကြယ်သီးတပ်ဝတ်ဆင်ရန် (အနက်ရောင် အပေါ်အင်္ကျီမှာ ပါးလွှာခြင်း၊ လက်ဖောင်းခြင်း မရှိစေရန်)

(၂) ဆင်ယင်ထုံးဖွဲ့မှု

ဆံပင်ကို ဆံပင်တိုဖြင့်လည်းကောင်း၊ ဖားလျားချ၍လည်းကောင်း မထားဘဲ သပ်ရပ်စွာ အပေါ်တင်၍ ဆင်ယင်ထုံးဖွဲ့ရန်၊

(၃) ဝတ်ဆင်ရန်ဝတ်စုံ

ဘွဲ့ဝတ်စုံပုံစံအတိုင်း ချုပ်ထားသည့် အစိမ်းရင့်ရောင်ဝတ်စုံကို ဝတ်ဆင်ရန်။ (အဖြူရောင် လည်စီးတပ်ရန်မလိုပါ)

၂။ သို့ဖြစ်ပါ၍ မြို့နယ်တရားရုံးများ၏ တရားခွင်တွင် အမှုလိုက်ပါ ဆောင်ရွက်ကြသည့် ရှေ့နေရှေ့ရပ်များအနေဖြင့် **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍** အပိုဒ်(၁) တွင်

ဖော်ပြထားသော သတ်မှတ်ချက်များနှင့်အညီ ဝတ်စားဆင်ယင်ကြရန် အသိပေးကြေညာအပ်ပါသည်။

**၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ၁၉-၅-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၆၄၆/၂-၁၂(စု-၁၇)/၂၀၁၄ အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၃၁-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၁၆/၁၀၅/ပတခ(၁၀၈၂/၂၀၂၄) စာဖြင့် လွှမ်းမိုးပယ်ဖျက်ပြီးဖြစ်ပါသည်။**

ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့။